
mgyoe.com

# ဗိုလ်ချုပ်၏ နောက်ဆုံးနေ့

ဇာတ်ညွှန်း-ဝေသာ၊ ပန်းချီ-လုပ



mgyoe.com



# ဗိုလ်ချုပ်၏ နောက်ဆုံးနေ့

ဇာတ်ညွှန်း-ဝေသာ၊ ပန်းချီ-လုပ

CAR0030
2,200.00 KS

mgyoe.com

ဗိုလ်ချုပ်၏နောက်ဆုံးနေ့ ဇာတ်ညွှန်း-ဝေသာ၊ ပန်းချီ-လှပ
စာမျက်နှာ ၁၂၁ မျက်နှာ၊ ၁၈·၅ စင်တီ× ၂၅·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ မေလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး [redacted]
၂၂၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# ဗိုလ်ချုပ်၏နောက်ဆုံးနေ့

ဇာတ်ညွှန်း–ဝေသာ၊


ပန်းချီ–လှပ

ပထမအကြိမ်၊ ၂၀၁၀

mgyoe.com

mgyoe.com

mgyoe.com




mgyoe.com



ထိုနေ့က မိုးလေး တဖွဲဖွဲ ရွာနေသည်.. ကျွန်တော့် အလုပ်မှာ မြန်မာ့အလင်း သတင်းစာတိုက်၏ သတင်းထောက် တာဝန် ယူရသော အလုပ်ပင် ဖြစ်၏ ..
မိုးရွာနေသော်လည်း ရေမစိုက်နိုင် ..
မိုးက အရေး မကြီးဘူး.. သတင်း ရဖို့က အရေးကြီး တယ်..
ကျွန်တော်လည်း သတင်း ရယူရခြင်း အတွင်းဝန်များရဲ့ <ရှင်ကြီးများရဲ့> ဘက်သို့ ထွက်လာခဲ့သည် ...
ထူးထူး ခြားခြား သတင်း လေးများ ရစေ ပါ..





ထို အတွင်းဝန်များ ရုံးကြီး၌ နိုင်ငံ၏ ခေါင်းဆောင်ကြီးများ စုစည်းရာ နေရာ.. တိုင်းပြည် အတွက် စီမံကိန်းများ.. လမ်းစဉ်များ ချမှတ်သော နေရာဖြစ်၏ . . .




လမ်းပြ ပုလိပ် မရှိ.. လက်ခုပ်တိုင် ပုလိပ် မရှိ.. လာသည့် ကား..လာသည့် လူ.. အစစ် အဆေး အမေးအမြန်း မရှိ..ကြိုက်သလို ဝင်နိုင် ထွက်နိုင်ပါ ..
မလိုသူတွေ ဆိုတာ ရှိမှာပဲ.. လူကြီး တွေ အတွက် ကာကွယ်မှု တော့ ရှိရမယ်..
သို့သော် ဇူလိုင်လ အတွင်းမှာပင် အတွင်းဝန်များရုံး ( ဝန်ကြီးများရုံး ) မှာ လမ်းပြပုလိပ် တစ်ဦး ရောက်ရှိလာသည်.. အကြောင်းမှာကား.. တတိယ ရာအက် ရာဇဝတ် တရားသူကြီး ဦးအောင်ချိန့်မှာ ကားပေါ်မှ အဆင်း မော်တော်ကား တစ်စီးက ဝင်တိုက်၍ အနိဌ ရောက် ခဲ့သည်.. ထို့ကြောင့် လမ်းပြပုလိပ် ( ယာဉ်ထိန်းရဲ ) ကို ထားရှိပေးထားသည် . . .


တစ်ခု ထူးခြားသည်မှာ ရုံး၏ ဆင်ဝင်အောက်၌ အင်္ဂလိပ်စာတန်းဖြင့် <ဤ ဆင်ဝင်အောက်၌ မော်တော်ဆိုင်ကယ် စက်မနှိုးရ> ဟူသော ဝန်ထမ်းများ နှောင့်ယှက်မှု ကင်းစေရန် သတိပေး တားမြစ်ချက် တစ်ခုပင် ရှိသည်..
အတွင်းဝန်များရုံးမှာလည်း ဘိလပ်လုပ် သံပန်း နှင့်ငြိမ်သာ ကာရံထား၏.. မသမာသူများ ကျော်ဝင်၍ပင် ရနိုင်၏.. အဝေးက ကြည့်လျှင် ခန့်ညားထည်ဝါသော ရုံးကြီး ဖြစ်သော်လည်း လုံခြုံမှုကား မရှိလှချေ ..
သို့သော် မာလီပေါင်း များစွာဖြင့် စိုက်ပျိုးထားသော ပန်းမန် မျိုးစုံကား ရှုကြည်မြို့ အလယ်ခေါင်၌ အကြီးမားဆုံး အလှဆုံး ပန်းခြံကြီး တစ်ခုလို ဖြစ်နေတော့၏ ..
ဂျူဒါဇီကယ်လမ်း<သိမ်ဖြူလမ်း>ဘက်ရှိ အရှေ့မျက်နှာစာဝင်းအတွင်း၌ လျှပ်စစ်မီးတိုင်ကြီးများနှင့် တင်းနစ်ကွင်းကြီးမှာလည်း အတွင်းဝန်များရုံး<ဝန်ကြီးများရုံး>၏ ဂုဏ်ကို ဆောင်ကာ လှပတင့်တယ်နေပေ၏ . . .



ကျွန်တော်လည်း သတင်းသမား ပီပီ သတင်းရှာရန် စိတ်စောစွာဖြင့် ကျွန်တော်တို့ သတင်းသမားများ အနားယူနေထိုင်ရာ ရုံးခန်းသို့ တက်လာခဲ့၏ ..
<မှတ်ချက်..သတင်းသမားများ အတွက် အခန်းအား ဗိုလ်ချုပ်နှင့် ပြန်ကြားရေးဝန်ကြီး ဒီးဒုတ်ဦးဘချို တို့က လုပ်ပေးခဲ့၏.. Press Room သတင်းထောက်များ အခန်းဟု သတ်မှတ်ပေးခဲ့၏ ..>
ထိုအခန်းမှာ ဗိုလ်ချုပ်အောင်ဆန်း၏ ရုံးခန်းနှင့် ကပ်လျက် အတွင်းဝန်များရုံး အနောက်ဘက် အလယ် လှေကားထိပ် အပေါ်ထပ်တွင် ရှိလေသည်.. ထိုအခန်းသို့ နိုင်ငံကျော် သတင်းစာဆရာ..စာရေးဆရာကြီးများလည်း တွေ့ဆုံကြသည်.. လူကြီးများနှင့် ဗိုလ်ချုပ်ကို လာရောက်စောင့်ဆိုင်းတတ်ကြ၏ ..
တစ်ခါတရံ ဆရာကြီး မင်းသုဝဏ်.. ဆရာဇော်ဂျီတို့နှင့် ဗိုလ်ချုပ် စကားပြောနေသည်ကို တွေ့ရတတ်သည်.. သူတို့ကား လုပ်ဖော်ကိုင်ဘက်များ ဖြစ်ခဲ့သလို စာပေသမား ဗိုလ်ချုပ်အတွက် စာအကြောင်း ပေအကြောင်း ပြောပြဆိုပြတတ်သည် ...


တစ်ခါတရံတော့ စစ်တပ်မှ ရဲဘော်များနှင့် ဗိုလ်ချုပ်၏
ရုံးခန်း၌လည်း.. ထို့ လှေကားလမ်း တစ်လျှောက်၌လည်း..
တွေ့ကြရသည်
ဗိုလ်ချုပ်၏ သေဖော်သေဘက်
ရဲဘော်များကလည်း တံခါး မရှိ
ဓား မရှိ ဝင်ထွက်သွားလာ၍ ဗိုလ်ချုပ်
အား တွေ့ဆုံကြသည်.. ဗိုလ်ချုပ်ကား
စကား ဆိုးသော်လည်း အားလုံးကို
ရဲဘော် ရဲဘက် စိတ်ဖြင့် ကူညီတတ်၏..
ထိုအချိန်က ဗိုလ်ချုပ်မှာ စစ်တပ် တာဝန်အား
ဗိုလ်လက်ျာအား လွှဲထားခဲ့ပြီး ဖြစ်၏.. သို့သော် ကာကွယ်
ရေး တာဝန်ကိုတော့ ယူထားဆဲ ဖြစ်၏..
ကျွန်တော်လည်း သတင်းထောက်များ
ရုံးခန်းသို့ ရောက်သောအခါ လွယ်အိတ်..
ဖိုးကာတိုကို အသင့်ရည် ထားပြီး သတင်း
ထောက် အချင်းချင်း မေးမြန်းရ၏ ...
ဒီနေ့
ဘာမှတော့ သတင်း
မရသေးဘူး.. ဗိုလ်ချုပ်လည်း
မနက်ကတည်းက ဆိုကြီး
အစည်း အဝေးတွေ ဆက်တိုက်
ဖြစ်နေတာ..
ဖွဲ့စည်းပုံ
အခြေခံ ဥပဒေ အတွက်
လည်း ဆွေးနွေးနေကြတာဗျ..
ပြီးရင်တော့ သတင်း တစ်ခုခု
တော့ ထွက်ကောင်းပါရဲ့..
၇



ထိုနေ့ကား ‹၁၉၄၇› ခုနှစ်.. ဇူလိုင်လ ‹၁၈› ရက်နေ့ပင်တည်း.. မုတ်သုံမိုးကား အညှိုးကြီးစွာ ရွာလိုက် တိတ်လိုက်နှင့် ပျင်းရိဖွယ် အချိန်ကာလပင် ဖြစ်သည်..
ကျွန်တော်တို့လည်း တိုင်းပြည်အတွက် အရေးပါသော သတင်းများ ထွက်ပေါ်လာတော့ရာ ထိုနေရာ၌ စောင့်ဆိုင်းနေစဉ် ..
သတင်းတစ်ခု ရှာရန် ကျောင်းကြီးသို့က ပေါ်လာတော့မှ..
ဟာ! ဗိုလ်ဗတင် ပါလား..


ကျွန်တော်တို့ အထဲမှ ဝါရင့် သတင်းထောက် တစ်ဦးက ဝဝဖိုင့်ဖိုင့် လူတစ်ယောက်ကို နှုတ်ဆက်လိုက်ပါ ..
ဟုတ်ပါ့ဗျာ.. ကျုပ်ဖြင့် ဗိုလ်ချုပ်ကို စောင့်နေရတာ ပျင်းလှပြီ..
ခင်ဗျားတို့တွေ ဂျီတဲ့ သတင်းထောက် အသင်းကို လာခဲ့တာ ဗျို..
ကဲ ထိုင်ဗျာ.. အေးအေးဆေးဆေး နား.. ဒါနဲ့ ဗိုလ်ချုပ်နဲ့ရော တွေ့ပြီး ပြီလား..
မတွေ့ရသေးပါဘူးဗျာ.. ဒီနေ့ သောကြာနေ့ ဆိုတော့ စနေ..တနင်္ဂနွေ ရုံးပိတ်ရက် မတိုင်မီ အရေးကြီးတာတွေ ဆွေးနွေးနေကြတာ အစည်းအဝေး တစ်ခု ပြီးလို့ သွားတွေ့မယ်လို့ ဗိုလ်ထွန်းလှကို ပြောလိုက်.. နောက် အစည်းအဝေး ပွဲက စ လုပ်ပြန်ရော.. ကျုပ်ဖြင့် စိတ်မရှည် တော့ဘူး..
ဗိုလ်ဗတင်ကား ခြေပစ်လက်ပစ် ကုလားထိုင်ပေါ်၌ ထိုင်ချလိုက်၏..
ဗိုလ်ဗတင် ဆိုသူကား အခြား မဟုတ်ချေ.. တော်လှန်ရေး အဆက်ဆက် ဗိုလ်ချုပ်နှင့် လက်တွဲလာခဲ့သူ ဖြစ်၏ ...



လက်သီးပုန်း သခင်ဗဟင်ဟူ ထင်ရှားသူ ဖြစ်သည်.. ဗိုလ်ဗဟင်မှာ ဗမာ့တပ်မတော်၏ လျှို့ဝှက်ချက်ကို ဂျပန်ကင်ပေတိုင်များ နှိပ်စက်သော်လည်း အသေခံပြီး ရေငုံနှုတ်ပိတ် နေခဲ့သူ ဖြစ်သည်.. ဗိုလ်ဗဟင်မှာ လက်ရှိ အာဇာနည်သားများ သမဂ္ဂ အထွေထွေ အတွင်းရေးမှူး ရာထူးကို ယူထားသူ ဖြစ်သည်.. ဖဆပလ၏ ထုတ်ပယ်ထားသော ကွန်မြူနစ် ပါတီ၏ ဩဇာခံ ဖြစ်၏ ..
ဗိုလ်ဗဟင်.. ဗိုလ်ချုပ်နဲ့ ဘာကိစ္စ အရေးတကြီး တွေ့ချင်ရတာလဲ..
သတင်းထောက်တို့၏ အမေးစကားကို မကျေနပ်ဟန်ပြသော ဘွင်းဘွင်းသားသားကြီး ဗိုလ်ဗဟင်က အံကြိတ်ပြီး . . .
ဘယ်နှယ်ဗျာ.. ကျုပ်တို့ ခင်တော ဘီအိုစီ အာဇာနည်သားများ သမဂ္ဂ အတွင်းရေးမှူး ရဲဘော်ဘစိန်ကို ပုဒ်မ<၅>နဲ့ ဖမ်းထားတယ်လေ.. ဘာဂျင် ကောင်စီက လုပ်တာလေ..
၁၀




ရဲဘော် ဘဟိန်းက ကွန်မြူနစ် ပါတီက မဟုတ်လား ဗျ..
ဟုတ်တယ်လေ.. ဒါပေမဲ့ဗျာ ကိုယ့်ရဲဘော် အချင်းချင်းဗျာ.. သက်သက်ညှာညှာ တော့ လုပ်ရမှာပေါ့.. အခု ဒီကိစ္စကို ဖြေရှင်းပေးနိုင်တာ ဗိုလ်ချုပ်ပဲ ရှိတယ်..
<မှတ်ချက်.. ယခင်က ဘုရင် အမှုဆောင် ကောင်စီ ၌ သဘာပတိအား ဒုန်းရင်းလို ဟု ခေါ်သည်.. ယခု ဝန်ကြီးချုပ်ဟု ခေါ်သည်..>
ကွန်ဖရင့်တော်တို့မှာ တစ်ယောက် မျက်နှာ တစ်ယောက် ကြည့်ပြီး သတင်းရပြီ ဆိုသော အသိဖြင့် စိတ်ထဲ၌ ပျော်မြူးသွားတော့သည်..
သတင်းက ငါတို့ဆီ ဆိုက်ဆိုက် မြိုက်မြိုက် ရောက်လာပါ လားနော်..
ထိုအချိန်က ပဆပလထဲမှ ကွန်မြူနစ်ပါတီအား ထုတ်ပယ် ပြီးချိန် ဖြစ်၍ ထိုသတင်းမှာ လူတိုင်း စိတ်ဝင်စားနေကြချိန် လည်း ဖြစ်သည်..


ကဲ ဗိုလ်ဗတင်..ခေါင်နေ ယယ့် အတူတူ သူရိယ သတင်းစာတိုက် အောက်က နေသူရိန် ကဖေးမှာ လက်ဖက် ရည် သွားသောက်ကြရအောင်..
နေပါ တော့ဗျာ..ဒီနေ့ ဗိုလ်ချုပ်နဲ့ တွေ့မှ ဖြစ်မှာဗျ..
ဗိုလ်ဗတင်မှာ ဗိုလ်ချုပ်နှင့် ရင်းနှီးလှသူ ဖြစ်၏..တို့ဗမာ အစည်းအရုံး တွင်၎င်းလည်း အတူ လက်တွဲခဲ့သူ..ဂျပန်ခေတ်၌လည်း ထောက်ပံ့ရေးဌာန၌လည်း ဌာနစိတ်မှူး အဖြစ် ဆောင်ရွက်ခဲ့သူ ဖြစ်၏..ဗိုလ်မှူး ဗတင် အဖြစ် လူသိ များသည်..
ဗိုလ်ဗတင်မှာ ဗိုလ်ချုပ်နှင့် တွေ့ရန် စိတ်ဇောနေပုံ ရ၏..
ဗိုလ်ချုပ်ကား လူနိုင် များလှသလို ဗိုလ်ချုပ်အား ချစ်ခင်သူလည်း များလှ၏..
လုပ်ဖော်ကိုင်ဘက်များ အပြင် စာပေနယ်မှ စာရေးဆရာကြီးများမှာလည်း သူတို့ လုပ်ငန်းများမှ ညနေ ရုံးဆင်းလျှင် ဗိုလ်ချုပ်ရှိရာ လာ၍ စကား ပြောဆိုတတ်ကြသေး၏...


<၁၉၄၇> ခုနှစ်.. ဇူလိုင် <၁၄> ရက်နေ့၌ပင် <ဝန်ကြီးများရုံး> ဝရန်တာ၌ ဒီးဒုတ် ဦးဘချို.. ဗိုလ်ချုပ်အောင်ဆန်း.. ဦးထင်ဖတ်.. ဦးခင်ဇော်.. ဆရာ မင်းသုဝဏ်တို့ ဗိုလ်ချုပ်၏ မိန့်ခွန်းများ အကြောင်း.. အင်္ဂလိပ်ခေတ်က နယ်ချဲ့တော်လှန်ရေး တရားဟောသည့် အကြောင်းများကို နောက်ကြောင်း ပြန်လှန်၍ ရယ်ရယ်မောမော ပြောခဲ့ကြ၏ ..
တခါတရံ ဗိုလ်ချုပ်မှာ ဝရန်တာ၌ လမ်းလျှောက်ရင်း.. ရုံးခန်း၌ ထိုင်ရင်း ရဲဘော်ရဲဘက် နိုင်ငံရေးသမားများကို စကားလက်ဆုံ ပြောမကုန်အောင် ရှိခဲ့ကြ၏ . . .


ဗိုလ်ပတင်မှာ စိတ်မရှည်တော့ဟန် ဖြင့် ကျွန်တော်တို့ ရုံးခန်း အပြင်သို့ ထွက်ပြီး မကြာမီ ပြန်လာ၏ ..
ရုံးချိန်က ကုန်တော့မယ်..ဗိုလ်ချုပ် က သူ့အိမ်ကို အစည်းအဝေး ကနေ တန်းပြန်လိမ့်မယ်..ကဲ ကျုပ်သွားမယ်.. ဗိုလ်ချုပ်နဲ့ ဒီနေ့ တွေ့ရမှာ ဖြစ်မယ်..
ကျွန်တော်တို့ သတင်းထောက်များမှာလည်း တစ်ဦးနှင့် တစ်ဦး အချက်ပြစရာ မလိုဘဲ ဗိုလ်ဗတင် နောက်မှ လိုက်သွားကြသည် . . .


ဗိုလ်ဗတင်မှာ ဗိုလ်ချုပ်နှင့် မကြာခဏ
တွေ့ဆုံပုံ ရ၏.. ဗိုလ်ချုပ် စီးသော ကား
<ရုစလီ - ၁၄> အနီးသို့ ရောက်နေချေပြီ..
ကျွန်တော်တို့မှာ သတင်း တစ်ခု
ရှိတော့မည် ဖြစ်သဖြင့် ပျော်ရွှင်
နေကြ၏ ..
မကြာမီ ဗိုလ်ချုပ်သည် ပြည်သူ့ရဲဘော် ယူနီဖောင်းဖြင့်
ကား အနီးသို့ ရောက်လာ၏.. မျက်နှာကား မှုန်ကုပ်နေ၏ ..
ဗိုလ်ချုပ်..
ဘာလဲ..



ဗိုလ်ချုပ်က ပြောပြောဆိုဆို ကားတံခါးနား၌ ရပ်၏... ဗိုလ်မှူးတင်ကို မကြည့်... ဒရိုင်ဘာ ရဲဘော်က တံခါး ဖွင့်ပေးစဉ်... ကိုယ်ရံတော် ဗိုလ်ထွန်းလှက အနီး၌ စောင့်ကြည့်နေသည် ..
ဗိုလ်ချုပ်ကို ပြောစရာရှိ လို့...
ဗိုလ်ချုပ်က ခေါင်းရှုပ်သည့် အမူအရာဖြင့် ဖွင့်ထားသော ကားတံခါးမှ နောက်ခန်းသို့ ဝင်ထိုင်ရန် ပြင်လိုက်သည်... ဗိုလ်မှူးတင်ကား ဗိုလ်ချုပ် ကားအတွင်းသို့ ဝင်၍ မရအောင် တံခါး ကြားထဲသို့ ကိုယ်လုံးဖြင့် ဝင်ပြီး ကာ လိုက်သည် ..
ဗိုလ်ချုပ်ကို... ဒီ မေတ္တာ ရပ်ခံ တောင်းဆိုတာပါဗျာ... ရဲဘော် အချို့ကို ပြန်လွှတ်ပေးဖို့ ဗိုလ်ချုပ်အသိနဲ့ တခုပါပဲ... ဗိုလ်ချုပ် လုပ်ပေးပါ..
ဗိုလ်ချုပ်က မော့ကြည့်လိုက်၏ . . .


တတွတ်တွတ် ပြောနေသော ဗိုလ်ဗတင်ကို ကြည့်ပြီး ..
ကဲ.. ယောက်ဖြစ် ယောက် လာခဲ့ဗျာ..
ဗိုလ်ချုပ်.. ယောက်ဖြစ် စနေနေ့ နေ့တစ်ဝက်လေ.. ဗိုလ်ချုပ် ရုံးတက်မှာလား..
သေချာ အောင်ပါ..
ယောက်ဖြစ် ကက်ဘိနက် (ဝန်ကြီး အဖွဲ့) အထူး အစည်းအဝေး ရှိတယ်လေ.. ရုံးတက်ရမှာ ပေါ့.. ကဲ ဖယ်တော့..
ဗိုလ်ဗတင်.. သိပ်များ ကျုပ်ကို သေချာ အောင် မေးမနေနဲ့.. ကျုပ်က လာခဲ့ဆို လာခဲ့..



mgyoe.com


ဗိုလ်ဗတင်လည်း ကပျာကယာ ဖယ်လိုက်ပြီး ဗိုလ်ချုပ်ကို အလေးပြုလိုက်သည်.. ထိုအခါကျမှ ဗိုလ်ချုပ်မှာ ကားတံခါးကို ပိတ်လိုက်နိုင်သည်..
ကားဒရိုင်ဘာအား အပါးတော်မြဲ ဗိုလ်ထွန်းလှ က အမိန့်ပေးလိုက်၍ ကားမောင်း ထွက်သွား တော့၏ . . .
ကဲ..ဗိုလ်ဗတင် မနက်ဖြန်တော့ အဖြေ ရမှာပဲ..
ဆုတောင်းရ တာပေါ့..


ကျွန်တော်တို့မှာ ယနက်ဖြန် သတင်းအတွက် မျှော်လင့်နေကြရပါ ..
mgyoe.com
ထိုအချိန်က ဗိုလ်ချုပ်နှင့် လက်တွဲဖော် သခင် သန်းထွန်းပါ ကွန်မြူနစ် ပါတီအား ဖ ဆ ပ လ မှ လုံး၀ ထုတ်ပယ်ထားသည့် အချိန်လည်း ဖြစ်ပါ ..
သခင်စိုးပါ အလံနီ ပါတီကလည်း ဆူပူ သောင်းကျန်း၍ သပိတ်များ မှောက်ကာ မတရားသင်း ကြေငြာ ခံထားရသည် . . .


ဇူလိုင်လ <၁၄> ရက်နေ့က တိုင်းပြုပြည်ပြု လွှတ်တော်ရှေ့ ဝရန်တာတွင် ဦးခင်ဇော်.. ဦးထင်ပေါ်.. ဆရာကြီး မင်းသုဝဏ်တို့နှင့် ဦးနု ဦးဘချို..ဗိုလ်ချုပ်အောင်ဆန်းတို့ ထိုနေရာ၌ စကားလက်ဆုံ ကျခဲ့ကြပါ ..
ဗိုလ်ချုပ်မှာ ထိုနေ့က ပြည်သူ့ရဲဘော် ယူနီဖောင်း မဝတ်ဘဲ ဘန်ကောက်လုံချည်...နံ့သာရောင် ပိုးအကျႌ ရင်စေ့တို့ ဝတ်ဆင်ထားပါ..
စကားပြောပုံက ကောလိပ်ကျောင်း ရောက်စ ကျောင်းသားပေါက်စပုံ ပေါက်နေပါ.. သူ့အသွင်က ရွှင်လန်းနေပုံ ရသည် . . .
၂၀


ဗိုလ်ချုပ်က တနင်္ဂနွေနေ့ မနေ့က ရေဒီယိုမှ လွှင့်သော သူ့ အသံလွှင့် ဟောပြောချက်ကို အားပါးတရ ပြောနေလေသည် ..
ခင်ဗျားတို့ ဘယ်လို လွှင့်ကြသလဲ ကိုထင်ပေါ်..
ကျွန်တော်က လိုရမယ်ရ မှတ်သားထားတဲ့ ပိုင်တွေ ဆွဲလာပြီး ပြောတယ်လို့ ထင်ကြမှာပဲ.. အလုပ်ရှုပ်နေလို့ မခံချင် အားဘူး.. ကျွန်တော် ပြောခဲ့တဲ့ မိန့်ခွန်း ထဲမှာ လက်တန်း ပြောရတာ ဒီတစ်ခါ အား အရဆုံးလို့ ထင်တယ်..
ကြမ်းတဲ့ အပိုင်းတွေကို ဖြတ် ပြီး ကောင်းတာတွေ လွှင့် ပါတယ်..
ဒို့ အဆီ အသားတွေကို ချန်ခဲ့တာ ကိုးဗျ.. ဟိုဟာတွေမှ အဆီ အသားတွေပဲ.. ဒီလို ပြောမှ ထိတယ် မိတယ်ဗျ..




mgyoe.com


စကားဝိုင်းက ခေတ္တ တိတ်ဆိတ်သွားပြီး ဗိုလ်ချုပ်က ပြုံး၍..
ပြောရဦးမယ်.. ကျွန်တော် ငယ်စဉ်က ဆရာကြီး သခင်ကိုယ်တော်မှိုင်းရယ်.. သခင်ထိုးရယ်.. ရွာလေးမှာ တရား သွားဟောတုန်းက ပေါ့.. အသံချဲ့စက်ကြီးနဲ့ ဟောကြတာ.. နောက်ဆုံး လူတွေက ကျိုးတိုးကျဲတဲပဲ ရှိတော့တယ်..
ဒါနဲ့ ရွာလေးက မိတ်ဆွေက ပြောတာပေါ့.. တရားပွဲ စရင် အသံချဲ့စက်နဲ့ မဟ ရဘူးတဲ့.. လူတွေက ဝိုင်းအုံလာမယ်.. ဒီအခါမှ အသံချဲ့စက်နဲ့ ဖိဟော ပေတော့တဲ့..
အခု ကတည်းက အသံချဲ့စက် သုံးရင် လူတွေက တရားပွဲ မလာတော့ဘဲ အိမ်ထဲ မှာပဲ နားထောင်တော့တာတဲ့ ဗျား..
အားလုံးက ပြုံးလိုက်ကြသည်..



mgyoe.com


ဆရာကြီး ဒီးဒုတ် ဦးဘချိုက ..
ဪ ဆရာလည်း နိုင်ငံရေးက ထွက်ပြီး ဆရာ မင်းသုဝဏ်တို့ ဆရာ ဦးထင်ဖတ် တို့လို ပညာရေးတို့.. ယဉ်ကျေးမှု တို့ကို လိုက်စားချင်ပါတယ်..
ဗိုလ်ချုပ်က လက်ကာ ပြပြီး ..
လွတ်လပ်ရေး ရရင်တော့ ကျွန်တော်လည်း နိုင်ငံရေးက ထွက်ပြီး စာရေးမယ် ကြံထားပါတယ်- စာပေပညာကို ဝါသနာ ပါပါတယ်..
mgyoe.com


ဗိုလ်ချုပ်က စကားကို ခဏရပ်ပြီး ဆရာ ဒဂုန်တာရာ၏ ခောင်ဆန်း သို့မဟုတ် အရိုင်း ဆိုသော ဆောင်းပါးကို သတိရသွားဟန်ဖြင့် ..
ကျွန်တော်က အရိုင်းသက်သက် မဟုတ်ပါဘူးဗျာ.. စာပေမှာ ဆိုရင် သခင်ဘသောင်းရဲ့ ပုံးသာ မစာဥတို့.. မောင်ထင်ရဲ့ ငါ.. ရွှေဥဒေါင်းရဲ့ ရတနာသိုက် ဆိုတဲ့ စာအုပ်တွေဟာ ဘယ်လောက် ကောင်းလဲ.. ကျွန်တော်တို့ သိမှာ..
ဘာသာပြန်တွေ အများကြီး လိုတယ်.. အတ္ထုပ္ပတ္တိ စာပေတွေလည်း အများကြီး လိုတယ်..
ထိုအခိုက် ဆရာဇော်ဂျီနှင့် အမတ်ကြီး ဦးဘသီတို့ ရောက်လာကြပါ . . .



ထို့နောက် ဗိုလ်ချုပ်က ..
ဒီမှာ အိပ်ခါကို ထမင်းစား ပြီးတော့ ဂျာနယ်ကျော်မှာ ပါတဲ့ မန်းတင်ရဲ့ ဆောင်းပါး လေး ဖတ်ပြီး သဘောကျ တယ်ဗျာ..
ဆောင်းပါး အကြောင်း ပြောပြီး ဗိုလ်ချုပ်က လုံချည်လေး မ၍ ရယ်လေသည်.. ထို့နောက် ဒီးဒုတ် ဦးဘချိုက အသံလွှင့်ဝန် ဦးခင်ဇော် အား . . .
အို့ ကိုခင်ဇော်..
ပြောပါ ဆရာကြီး...
ဗိုလ်ချုပ် အိမ်မှာက ရေဒီယိုက ပျက်နေလို့ အသံ ကောင်း ကောင်း မကြားရဘူး.. ရေဒီယို တစ်လုံးလောက် တော့ ပေးမှပဲ..
ဟုတ်ကဲ့..


ထိုအခိုက် ရှင်ကြီး ပျော်ဘွယ်ဦးမြ ရောက် လာပြီး ဗိုလ်ချုပ် အနားသို့ ကပ်၍ ..
ပြောစရာ ရှိတယ် ဗိုလ်ချုပ်.. အခန်း ထဲ သွားရအောင်..
ဗိုလ်ချုပ်လည်း အခန်းထဲသို့ လိုက်ရောက်သွားလေ၏ ..
တခါတရံ ထိုနေရာလေးသည် မိတ်ဆွေများနှင့် ဗိုလ်ချုပ် လွတ်လပ်စွာ စကား ပြောခဲ့သော နေရာလေးပင် ဖြစ်လေသည် ..

mgyoe.com

ဇူလိုင်လ <၁၃> ရက်နေ့ မြို့တော်ခန်းမ၌ ဗိုလ်ချုပ် လက်တန်း ပြောခဲ့သော မိန့်ခွန်းမှာ ဗိုလ်ချုပ်၏ နောက်ဆုံး မိန့်ခွန်း ဖြစ်သည်ကို ထိုစဉ်က တစ်တိုင်းပြည်လုံး မသိရှာခဲ့ကြပေ ..

mgyoe.com











mgyoe.com



ထိုအချိန်က မြန်မာပြည်၏ နိုင်ငံရေး ရာသီဥတုမှာ ဆိုးဝါးခက်ထန်နေချိန်ပင် ဖြစ်သည်..
အလံနီ ကွန်မြူနစ်ပါတီက ရိက္ခာလုပွဲ.. သီးစားခ တိုက်ပွဲ.. အမေတော်ကြေး ပြန်မဆပ်ရေး
တိုက်ပွဲများကို မကြာခဏ လုပ်နေ၏ ..
သိန်းသန်း ကွန်မြူနစ်ပါတီ
ကလည်း ဖ ဆ ပ လ အား
အချိုးသတ်ပြီး တောခို လူသတ်
သည့် ကိစ္စများကို လုပ်နေ
ပြန်၏ ..
ဦးစော..ဒေါက်တာ ဘမော်..
သခင်ဗဓိန်တို့၏ စော..စိန်..
မော်..ဂိုဏ်းကလည်း ဖ ဆ
ပ လ ကို ဆဲရေး ပုတ်ခတ်
လျက်ရှိသည် ...


ဖ ဆ ပ လ အဖွဲ့ချုပ်ကလည်း ကိုယ်ပိုင် ထောက်လှမ်းရေး အဖွဲ့များ ထားရှိကာ အန္တရာယ် ပြုမည့် သတင်းများကို အမြဲတမ်း ထောက်လှမ်း နေရ၏ ..
ထိုသို့ ထောက်လှမ်းနေစဉ် ဦးစော၏ လှုပ်ရှားမှုကို မသင်္ကာဖွယ် တွေ့ရှိ လာရ၏.. ထိုသတင်းကို ဗိုလ်ချုပ်ထံသို့ ဦးဗဆွေက တင်ပြ၏ . . .
ဂဠုန် ဦးစောဟာ အင်္ဂလိပ် စစ်တပ်က အရာရှိ တစ်ဦးနဲ့ ဆက်သွယ်မှု အမြဲရှိခဲ့ တယ်.. နောက်ပြီး နယ်က မျိုးချစ် လူငယ်တွေကိုလည်း ရွာကနေ ဦးစော မြို့ထဲကို ခေါ်ပြီး စစ်သင်တန်း ပေးတယ်..
ဒါ ဖ ဆ ပ လ ထိပ်တန်း ခေါင်းဆောင် တွေကို လုပ်ကြံဖို့ ကြံရွယ် တာပဲ ဖြစ်မယ်..


ဒီ သတင်း တွေဟာ မမှန်နိုင်ပါဘူး... ဆိတ်ဖျူး လူတွေ သတင်း မရှိ သတင်း လုပ်ကြံ ပေးကြတာပဲ ဖြစ်မယ်..
ဗိုလ်ချုပ်က ခိုးခိုးသိုးသိုး ပြုံး ခဲ့၏.. ထို့နောက် ဦးနု အပါအဝင် ဗဟို အလုပ် အမှုဆောင် အဖွဲ့ ကလည်း ..
ဒီလို မိုက်ရူးရဲ့ အကြံမျိုးကို ဘယ်သူမှ ကြံရဲ လုပ်ရဲမှာ မဟုတ်ပါဘူး... အင်္ဂလိပ်ကလည်း လက်ခံမှာ မဟုတ်ဘူး..
ထိုသို့ ပေါ့ပေါ့ဆဆ ယူဆကြ၏.. အမှန်တကယ်တော့ ဦးစောမှာ ဗိုလ်ချုပ် အပါအဝင် ဖ ဆ ပ လ အဖွဲ့ကို အခဲမကျေကြသည်ကတော့ အမှန်ပင် ဖြစ်၏.. တစ်နိုင်ငံလုံးက ဗိုလ်ချုပ် အပေါ် ထောက်ခံမှုကိုလည်း ချေဖျက်နိုင် . . .


ဦးစော၏ အမုန်းတရားကို ပို၍ ကြီးမားသွားစေသည် ကတော့ ..
တစ်ရက် ဦးစော ပိုင်သော သူရိယ သတင်းစာတိုက်မှ ကားနှင့် ပြန်လာစဉ် ပြည်လမ်း လမ်းမပေါ်သို့ အရောက် .. နောက်မှ ဂျစ်ကား တစ်စီးက ကျော်တက်ကာ ..
ဦးစောအား သေနတ်ဖြင့် ပစ်ကာ လုပ်ကြံခြင်းပင် ဖြစ်သည်.. ဦးစော ကားမှာ မှန်တံခါးများ ချထား၍ ကျည်ဆံက မှန်ကိုပင် ထိမှန်၍ မှန်စများက ဦးစော မျက်လုံးကို ထိသွားခဲ့၏ ..
ထိုအချိန်မှ ဦးစောမှာ သူ့အား ဗိုလ်ချုပ်တို့၏ ဖဆပလ အဖွဲ့မှ လုပ်ကြံသည်ဟု တစ်ထစ်ချ ယုံကြည်သွားခဲ့၏ ...


ဘုရင်ခံက ဦးစောနှင့် ဦးမဝိန် တို့ကို အစိုးရ အဖွဲ့ထဲသို့ ဝန်ကြီး ရာထူး ပေး၍ ထည့်လေ၏ ..
အစိုးရ အဖွဲ့ဝင် အချင်းချင်း ဖြစ်သွားသော်လည်း ဟန် မပျက် ပြုံး၍ နေခဲ့သော်လည်း ဦးစော၏ အကြံအစည်မှာ.. တစ်နေ့ လက်စားချေရေးပင် ဖြစ်၏ ..
ဦးစောမှာ ငယ်စဉ် ကတည်းက သူ့ကို တစ်ချက် ရိုက်လျှင် ဆယ်ချက် လောက် ပြန်ရိုက်ရမှ ကျေနပ်သူ ဖြစ်၍ သူ၏ စိတ်၌ ပ ဆ ပ လ အဖွဲ့ အပေါ် လွန်စွာ အငြိုးအတေး ထား နေသူ ဖြစ်သည် . . .


အင်္ဂလန်သို့ သွား၍ လွတ်လပ်ရေး အတွက် အောင်ဆန်း အက်တလီ စာချုပ် ချုပ်ဆိုရန် ဆွေးနွေးပွဲသို့ အတိုက်အခံ ပါတီမှ ဦးစော တို့ကို ဘုရင်ခံက လွှတ်လိုက်၏ . .
အင်္ဂလန်၌လည်း ဗိုလ်ချုပ်နှင့် တွေ့ဆုံ စကား ပြောခြင်း မရှိ.. ထမင်း အတူတူ မစား.. ဆွေးနွေး ပွဲ၌ ဗိုလ်ချုပ်တို့ တင်ပြချက်ကို အမြဲတမ်း ကန့်ကွက် ပြောဆိုခဲ့၏.. ထိုမျှ ဗိုလ်ချုပ်အပေါ် အာဃာတ ထားသူ ဖြစ်သည် . .
တစ်ဖန် ကြားဖြတ် ရွေးကောက်ပွဲ၌ ဦးစောနှင့် ဦးဗစိန်တို့ကို ထောက်ခံမှု မရှိ၍ ဖဆပလမှ အနိုင်ယူလိုက်သည် . .
ဦးစောမှာ ပို၍ ဒေါသ ပိုကြီးပြီး ဗိုလ်ချုပ်အပေါ် ပို၍ နာကျည်း သွားခဲ့ပြန်သည် . . .